

ငွေ

ချစ်ခြင်းနယ်နိမိတ်

အပိုင်း ၁

"ကိုတိုင်းစစ် ကိုတိုင်းစစ်"

မိုးစင်စင်လင်းသည်ထိ အိပ်မောကျနေသော ခင်ပွန်းဖြစ်သူအား မရဲတရဲလေး နှိုးနေရသည့်စိတ်က ကြောက်စိတ်များ စိုးမိုးလို့ပေါ့။

"ကိုတိုင်းစစ် "

သုံးကြိမ်မြောက် ခေါ်သံအဆုံး တံတိုင်းစစ် မျက်လုံးပွင့်လာသည်။ ထုံးနံ့သာအား စူးရဲစွာကြည့်၍ မေးဆတ်ပြလိုက်သည်။

"ဘာလဲ "

"ရုံးချိန်နောက်ကျမှာစိုးလို့ လာနိုးတာပါ မနက်စာလည်း အသင့်ဖြစ်နေပြီ ထတော့နော် "

ကိုတိုင်းစစ်၏ စူးရဲသော နဂါးမျက်စောင်းအား ကျွန်မ ကြောက်သည်။

ထုံးနံ့သာစကားအဆုံး တံတိုင်းစစ်အနားရှိ စောင်အားယူ၍ အလုံခြုံလိုက်ပြီး.....

"ငါ့အချိန်ကို ငါသိတယ် မင်းလုပ်စရာရှိတာ သွားလုပ် မနက်စာလည်း အပြင်မှာစားမှာ မင်းအဆင်ပြေသလို လုပ်လိုက် "

"ဟုတ် "

တံတိုင်းစစ်အား ကျောခိုင်းကာ ထုံးနံ့သာ ထွက်လာလိုက်သည်။ အခန်းတံခါးအားပိတ်ပြီး ကျောကပ်မှီရပ်၍ မျက်လုံးအစုံကို အတင်းမှိတ်ထားလိုက်သည်။

တစ်ချိန်က တိုင်းစစ် ရှူးနေအောင် ချစ်ရတဲ့ထုံးက ကျွန်မဆိုတာ ယုံတောင်မယုံနိုင်ဘဲ ဖြစ်နေလေတော့သည်။ တိုင်းစစ်ဘဝ၌ ထုံးသာ ပထမလို့ ပြောခဲ့သမျှ ခုတော့ စိတ်ဆင်းရဲမှုအပေါင်း သရဖူဆောင်းလို့ မိဖုရားနေရာက ဆင်းရတော့မည်။ ကျလာသည့် မျက်ရည်အားသုတ်၍ အောက်ထပ်သို့ ဆင်းလာလိုက်သည်။

ချစ်လျက် လက်ထပ်ထားပါသော်လည်း ထုံးဘက်က လိုအပ်ချက်များကြောင့် တိုင်းစစ် ငြီးငွေ့လာပုံရသည်မို့ ကျွန်မပြင်ဆင်ချက်တွေ ပြသနေသော်လည်း လျစ်လျူရှုကာ ထိုလှောင်အိမ်၏ဝေးရာ ပျံသန်းထွက်ခွာချင်ပြီထင်ပါရဲ့။

"Xello ... Xello ..."

တိုင်းစစ် နံဘေးရှိစားပွဲပေါ်မှ ဖုန်းမြည်သံလေးကြောင့် ခြုံထားသောစောင်အားဖယ်၍.....

"ဟင် ရဲရဲ "

ထုံးအပြင် အသစ်တွဲနေသော ရဲရဲရင့်ကိုတော့ တိုင်းစစ် သဘောကျသည်။ ငယ်ရွယ်မှုဂုဏ်က တစ်မျိုးလှပရုံမက သွက်လက် ဖျတ်လတ်သူလေး ဒဲ့အပြင် အိမ်မှုကိစ္စအဝဝလည်း နိုင်နင်းသူဖြစ်သလို ချစ်စဖွယ်ကလေးလေးမို့ တိုင်းစစ် အချစ်ပိုမိသည်။

ဖုန်းအား ချက်ချင်းကိုင်၍.....

"အင်း ကလေးလေး ပြော "

" .... "

"အိုကေ ထပါပြီဗျ ထပါပြီ ..... ကိုယ့်ကလေးလေး ဘာစားပြီးပြီလဲ "

" .... "

"အာ ဒါဆို ကိုကို အမြန်ရေချိုး အဝတ်စားလဲပြီး ထွက်လာခဲ့မယ် ကိုယ့် ကလေးလေး အဆာလွန်နေမှာပေါ့ "

" .... "

"ဟုတ်ပြီ အရမ်းချစ်တယ် မွ မွ "

" .... "

ရဲရဲလေး ဖုန်းချသွားတော့ ရေချိုးရန်ပြင်လိုက်သည်။

တိုင်းစစ် ဖုန်းပြောနေသည်ကို အစအဆုံး ကြားလိုက်ရသော ထုံးနံ့သာ။ ရုပ်မပျက်တည်ငြိမ်အောင် ချုပ်ထိန်း၍ မီးပူတိုက်ပြီးသော အင်္ကျီအထပ် အားယူကာ ဗီရိုထဲထည့်စီရီစွာ သိမ်းဆည်းနေလိုက်သည်။ အနောက်၌ ထုံး ရောက်နေသည်ကိုလည်း တိုင်းစစ်သိသည်။ သို့သော် ဂရုမပြု လျစ်လျူရှု ကာ ရေချိုးခန်းထဲ ဝင်သွားလေတော့၏။

တိုင်းစစ် ရုံးသွားလျှင် ဝတ်ဖို့အဝတ်အစား အသင့်ပြင်ပေးလိုက်ပြီး အိပ်ရာများခေါက်ကာ သိမ်းဆည်းလိုက်သည်။ ပြီးနောက် အခန်းထဲ သန့်ရှင်းရေး လုပ်နေလိုက်သည်။

ရေကိုအမြန်ချိုးကာ ရေချိုးခန်းထဲမှ ထွက်လာသော တိုင်းစစ်။ ထုံးပြင် ပေးထားသော အဝတ်အစားများ ဝတ်ဆင်အပြီး ခေါင်းအား သေသေသပ်သပ် ဖြီးသင်ပြီး အိတ်လေးဆွဲ ကားသော့ယူ၍ အခန်းထဲမှ ထွက်ရန် ပြင်လိုက်သည်။

"ကိုတိုင်းစစ် "

ထုံး၏ခေါ်သံကြောင့် တံခါးဖွင့်ရန်ပြင်နေသော တိုင်းစစ်လက်လေး ရုပ်တန့်သွားရာမှ နောက်သို့လှည့်လာပြီး.....

"ပြောလေ "

"ဒီနေ့ ထုံးတို့ ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့နော် "

"အင်း "

ထိုထက်မပိုသော စကားလုံးများကို ထုံး ကြိုတင်တွက်ဆ ထားပြီးသား ဖြစ်သည်။ စကားအဆုံး အခန်းတံခါးဖွင့်ကာ ထွက်သွားသော တိုင်းစစ်အား ကြည့်၍ ထုံး အသံတိတ်ငိုရုံသာ တတ်နိုင်တော့သည်။

တိုင်းစစ် တစ်ယောက်ကတော့ ကားလေးမောင်းကာ စိတ်ကိုရှင်း၍ ရဲရဲ ရင့်ဆီ ထွက်လာခဲ့တော့သည်။

စားနေကျဆိုင်လေး အပြင်ဘက် ကားရပ်နားရာ နေရာလေးမှ ရဲရဲအား မြင်လိုက်ရသည်မို့ တိုင်းစစ် နှစ်ခြိုက်စွာပြုံး၍ ဆိုင်လေးထဲ ဝင်လာလိုက်သည်။

"မောနင်း ကလေး "

"ဟုတ် ကိုကို ..... နည်းနည်း နောက်ကျတယ်နော် ဟင်း ..... အချိန်လျော်ကြေး ပေးရမယ် "

ရဲရဲလေး စကားပင်မဆုံးလိုက် ပန်းနုရောင် ပါးပြင်လေးအား တိုင်းစစ် အနမ်းတစ်ပွင့် လျော်ကြေးပေးလိုက်ပြီ ဖြစ်သည်။

"ဟာ ကိုကိုနော် "

ရဲရဲလေး၏ ခေါင်းအားခပ်ဖွဖွပုပ်၍.....

"ကိုယ်ရေချိုးတာ ကြာသွားလို့ပါ ကလေးရယ် နောက်တစ်ခါ နောက်မကျ စေရဘူး ဟုတ်ပြီလား "

"ပြီးရော ..... စားနေကျအတိုင်းပဲ မှာထားတယ်နော် ကိုကို "

"ကလေးသဘော ကလေးသဘော "

"ဟုတ် ..... ညော် ကိုကို ဒီည ရဲ ပါတီသွားချင်လို့ "

"ဟာ ကလေးရယ် မသွားပါနဲ့ ညတွေဘာတွေဆိုတာ အန္တရာယ်တို့ ပျော်မြူးရာအချိန်ပဲ ကိုယ်စိတ်မချပါဘူး "

"သူငယ်ချင်းတွေလည်း ပါမှာပဲကို ခွင့်ပြုပါ နော် နော် ကိုကို"

"မသွားပါနဲ့ကွာ ကိုယ်စိတ်မချဘူး ရဲရဲ့ ..... နောက်နေ့ ကိုယ်လိုက်ပို့မယ် ဘယ်လိုလဲ "

"မရဘူး မရဘူး ..... ဒီနေ့ပဲသွားချင်တာ ကိုကို မချုပ်ချယ်နဲ့နော် ရဲက ကလေးပဲ ရှိသေးတာ ပျော်ပါးချင်တာပေါ့ စိတ်မချဖြစ်နေရင်လည်း ကိုကို ပါလိုက်ခဲ့ပါလား ဟင် "

ဖူးနုနေသော နှုတ်ခမ်းလေးစူကာ ခွဲနေတော့ ဒီလူသားမညွတ်ဘဲ နေနိုင် ရိုးလား။ ရဲရဲလေး ခေါင်းအားပုတ်၍.....

"ကဲ သွားချင်တယ်ဆိုမှတော့ ကိုယ်မတားတော့ဘူးနော် လိုက်ပို့မယ် ဟုတ်ပြီလား "

"ယေး ဒါမှရဲကိုကိုက အရမ်းချစ်တယ် "

"ခွဲစိန်လေး ကိုကိုရူးတော့မယ် ဒီကလေးနဲ့ဆို "

"ကိုကိုရူးရင် ရဲကစောင့်ရှောက်မှာပေါ့ စိတ်မပူနဲ့ "

ဒီလောက်ချစ်စရာကောင်းတဲ့ ကလေးလေးကို အချစ်ပိုရတာပိုသည်ဟု မည်သူမြင်မည်နည်း။ လူကိုချုပ်လည်း ချုပ်တတ်တဲ့ ကလေးဆိုးလေး။

တံတိုင်းစစ်မှာ အချစ်သစ်နှင့် ကမ္ဘာတစ်ခု သာယာနေသလိုပင် အိမ်၌ကျန်ရစ်ခဲ့သော ထုံးနံ့သာသည်လည်း မှတ်ထားသလောက် ပညာနှင့် ကိတ်မုန့်ဖုတ်ရန် ကြိုးစားနေရှာသည်။ ဒါသည်လည်း ထုံးနံ့သာ၏ ကမ္ဘာငယ်လေးဖြစ်၏။

တိုင်းစစ်နှင့်ထုံး လက်ထပ်ပြီးတော့ ရွှေပေါမြတင် နေထိုင်ခဲ့ရသော ပိုးဖြူ

ဥမလေး ထုံးနံ့သာက အိမ်မှူကိစ္စဟူ၍ ဘာမှမလုပ်တတ် မကိုင်တတ်။ ချစ်ခင်စမို့ထင်သည် ထိုအချိန်က ထုံးကို တိုင်းစစ် အပြစ်မမြင်ဘဲ ချစ်စကား တဖွဖွဆိုကာ အချစ်တိုးပေးခဲ့လေသည်။

"ကို ..... ထုံး ထမင်းဟင်းတွေ မချက်တတ်လို့ ငြိုငြင်မှာလားဟင် "

"ငြိုငြင်စရာလား ချစ်လို့ပဲ လက်ထပ်ထားပြီလေ ထုံးလေး မလုပ်တတ် မကိုင်တတ်တာ မှန်သမျှ ကိုယ်ကပဲ လုပ်သွားမယ် ဟုတ်ပြီလား စိတ်မပျက်ပါနဲ့ကွာ ပြုံးပါဦး "

ထိုစကားတွေကြောင့် ထုံး ကျေနပ်ပီတီ ဖြာခဲ့ရသည်။ တစ်သတ်လုံး အချစ်မလျော့ဘူး ဟူသောစကားကြောင့် ထုံးတစ်ဘဝစာ ပြည့်စုံလုံလောက်သည့် အချစ်များပိုင်ဆိုင်ရပြီဟု တွေး၍ မာန်တက်ခဲ့ဖူးသည်။ ကမ္ဘာမှာ ငါသည်သာ အချစ်ခံရဆုံးပေါ့။

အတိတ်ကပုံရိပ်များ မြင်ယောင်၍ မျက်ရည်ကြားမှ အားယူပြုံးမိလိုက်သေးသည်။ နှစ်ပတ်လည်နေ့တိုင်း ကိုယ်တိုင်မုန့်လုပ်ချင် ခဲ့သော်လည်း မလုပ်တတ်သည့်အတွက် တိုင်းစစ်၏ ပြစ်တင်စကားကို ခံယူခဲ့ရသည်။ ဒီနှစ်တော့ ကြိုးစားပြီး မုန့်ဖုတ်ကာ တိုင်းစစ်ကို အံ့သြအောင် လုပ်မည်ဟူသော အတွေးနှင့်အလှဆုံး ကိတ်လေး ဖန်တီးဖြစ်ခဲ့သည်။

နှစ်ပတ်လည်နေ့လေး ဖြစ်သည့်အတွက် နေ့လယ်စာကို စနစ်တကျ ထုပ်ပိုးပြင်ဆင်လိုက်ပြီး ရုံးလိုက်သွားရန် လှလှပပလေး ပြင်ဆင်လိုက်သည်။ ပန်းနုရောင် မီနီစကတ်နှင့် လိုက်ဖက်စွာ ပန်းဆီရောင် အင်္ကျီလေးဝတ်၍ သိပ်မမြင့်လှသော ရှူးလေးစီးကာ ထွက်လာလိုက်သည်။

"ဟာ မမထုံး ဘယ်သွားမလို့လဲ "

အိမ်နီးချင်းဖြစ်သော ကလေးမလေး၏နှုတ်ဆက်သံကြောင့်.....

"ဩော် ယု..... ကိုတိုင်းစစ် ကုမ္ပဏီသွားမလို့ "

"ဒါဆို ယုနဲ့လမ်းကြုံနေတာပဲ လိုက်ခဲ့ပါလား ကိုတိုင်းစစ်ကို နေ့လယ်စာ သွားပို့ပေးမလို့ ထင်တယ် "

အဲဒီလိုလေးပြောလာတော့ ထုံးရှက်သွေးလေးဖြာကာ ခေါင်းလေးငုံ၍ ကျိတ်ပြုံးနေမိသည်။

"မမထုံးကတော့လေ ကိုတိုင်းစစ်ကို အရမ်းချစ်တာပဲ ..... ကားပေါ်တက်လေ မမ နေပူတယ် "

"အင်း "

ထိုခါမှကားပေါ် ပျာပျာသလဲတက်၍ လိုက်ပါလာလိုက်သည်။ နံဘေးမှ လိုက်ပါလာသော မမထုံးအား ယု ခိုးခိုးကြည့်နေမိသည်။

မမကလှလိုက်တာ အသားအရေကအစ ဝင်းလဲ့စိုပြည်နေသည်မှာ ဘုရားပေးသော ဆုလာဘ်ဟုပင် ဆိုရမည်။

"ရောက်ပြီ မမ "

"ကျေးဇူးနော် ယု ..... နောက်ခါကျ မမမုန့်ကျွေးဖို့ ဖိတ်ရဦးမယ် "

"မဟုတ်တာ မမထုံးက တစ်မျိုး ချစ်စရာကောင်းလို့ မကူညီဘဲကို မနေနိုင်တာ ဒါကြောင့်ပါနော်တော့ တာ "

"ယုကတော့ မြောက်ပြီ ..... ဒါဆို မမဝင်တော့မယ်နော် တော့တာကားကို ဖြည်းဖြည်းမောင်းနော် "

"ဟုတ် "

ငယ်ငယ်ရွယ်ရွယ် သွက်လက်လွန်းသောယု။ စကားပြောလျှင် ဟန်မဆောင်တတ်ဘဲ ပွင့်လင်းစွာ ပြောတတ်သူမို့ ပေါင်သင်းရ အဆင်ပြေသူလေး။ ယုကားလေး ထွက်သွားတော့ ကုမ္ပဏီရေယာထဲ ထုံး လှမ်းဝင်လာ

လိုက်သည်။

"မမထုံး သူဌေးကို လာတွေ့တာလား "

ကုမ္ပဏီဝန်ထမ်းမလေး၏ နှုတ်ဆက်စကားကြောင့် ထုံး ခေါင်းညိတ် နှုတ်ဆက်ကာ.....

"ဟုတ်တယ် နေ့လယ်စာ မစားရသေးဘူး မဟုတ်လား "

"ဟုတ် ညီမတို့ကခုပဲ သွားစားမလို့ ဟို..... သူဌေးကတော့ ခုနကမှ ထွက် သွားတာ "

"ဟင် "

လက်မှနာရီအား ကြည့်လိုက်ပြီး.....

"စောတယ်နော် "

"ဟုတ်တယ် မမ ..... ရုံးခန်းထဲမှာ စောင့်နေလိုက်လေ မမ ညီမတို့ နေ့လယ်စာ သွားစားလိုက်ဦးမယ် "

နှုတ်ဆက်ကာ ထွက်ခွာသွားကြတော့ လက်ထဲမှ ထမင်းချိုင့်ဆွဲ အဆင့်ဆင့်ကိုကြည့်ကာ သက်ပြင်းသာ ချမိလိုက်တော့သည်။ ခြေလှမ်းတို့ က ဝန်ထမ်း ထမင်းစားဆောင်ဘက် ဦးတည်လာလိုက်သည်။

"ဩော် မမ "

"ထိုင် ထိုင် "

ချိုင့်လေးစားပွဲပေါ် တင်ပေးလိုက်ပြီး.....

"သူဌေးလည်း နေ့လယ်စာ စားပြီးပြီဆိုတော့ ဒါက သိပ်မများပေမဲ့ လုံ လုံလောက်လောက် ခွဲစားလိုက်ပေါ့ မမလည်း ချက်ထားတာများတယ် "

"အိုး Good ကျေးဇူးမမ စားမယ် စားမယ် ကျေးဇူးတင်ပါတယ် မမထုံး "

"မဟုတ်တာ မမက ဒီထက် ပိုအများကြီးတောင် ကျွေးသင့်တာ ..... ကဲ ဆက်စား မမပြန်တော့မယ်နော် "

"မမ "

ခေါ်သံလေးကြောင့် ထုံး ခြေလှမ်းများရပ်တန့်ကာ လည်ပြန် လှည့်ကြည့်လိုက်သည်။

"မမလာသွားတယ်လို့ သူဌေးကို ပြောပေးရဦးမလား "

ထုံးခေါင်းလေးခါကာ.....

"မပြောနဲ့တော့ အိမ်ရောက်မှ မမပြောလိုက်ပါ့မယ် "

"ဟုတ် "

ထမင်းစားခန်းထဲမှ ထုံး လှမ်းထွက်လာလိုက်သည်။ နောက်၌ ကျန်ရစ်ခဲ့သော ဝန်ထမ်းမလေး တစ်သိုက် ထုံး၏ လက်ရာအား စာသုံးအပြီး.....

"ဝိုး အရွက်ထဲကို ချိစ်အရသာ စိမ့်နေအောင်ချက်တာ ဘယ်လိုတောင် မိုက်တာလဲနော် "

"ငါတော့ ဒီဘဲသားဟင်းပိုကြိုက်တယ် မမထုံးက အချက်အပြုတ် တကယ်တော်တယ်နော် မမထုံးချက်တာ ဒီလောက်ကောင်းတာ သူဌေးက ဘာလို့အပြင်မှာစားတာလဲ စဉ်းစားလို့မရဘူး "

ဝန်ထမ်းမလေး တစ်ဦးက စဉ်းစားသလိုလေး ပြောလာတော့ တစ်ယောက်က ပခုံးကိုတိုက်ကာ.....

"မမထုံး ဟင်းထက် ရဲရဲရင့်ရဲ့ ချွဲနွဲ့သံက ပိုသာယာလို့နေမှာပေါ့ "

"ဟုတ်ပါ့နော် ရဲရဲက လူလှသလောက် သူဌေးကို အပီကိုင်ထားတာများ လက်ဖျားခါတယ် "

"မမထုံးက သဘောထားကြီးလိုက်တာ အမှန်အတိုင်းပြောရရင် မမထုံးကို ငါအရမ်းသနားတာပဲ "

"အင်း ငါရောပဲ ပိုးဥလေးလို လှပလွန်းတဲ့ မမက အိမ်ထောင်ရေး ကံကျတော့ ကြမ်းတမ်းလိုက်တာ "

"မလိုက်ဖက်ပါဘူးဟာ မမထုံး လက်လျှော့သင့်တယ် ဒါမှ မမဘဝပို သာယာမှာ "

ထမင်းစားဝိုင်းကြီးက အလိုလို အရှုပ်တော်ပုံဆွေးနွေးပွဲ ဖြစ်သွားသည်မို့ ထိုထဲမှ အကြီးတန်း ဖြစ်သူက ထ၍.....

"ဟိတ် ဟိတ် ရှူး ..... နံရံတွေက ပါးလွန်းတယ် သတိထားဦး "

"အင်း ဟုတ်သားပဲ ရှူးရှူး "

ထိုခါမှ ထမင်းစားခန်းလေးလည်း တိတ်ဆိတ်ငြိမ်သက် သွားတော့သည်။

ထုံးနံ့သာကတော့ အမြဲပစ်ပယ်ခံနေရမို့ မထူးဆန်းတော့ပေ။ ကုမ္ပဏီရှေ့ တက္ကစီ တစ်စီးအားတား၍ လိုက်ပါလာလိုက်သည်။ ကုမ္ပဏီကအထွက် တံတိုင်းစစ် မောင်းနှင်လာသော ကားလေးကအဝင်နှင့် တိုက်ဆိုင်သွားသည်။

ကားထဲ၌ပြုံးလို့ရွှင်လို့ ရယ်မောနေပုံက စကြဝဠာတစ်ခုလုံးကို အပိုင်ရထားသည့်နယ်။ ထိုအပြုံးကို ထုံးငေးကြည့်ရင်း ရောယောင် ပြုံးမိလိုက်သည်။ တိုင်းစစ်နံဘေး၌ ရှိနေသော ရဲရဲဟုခေါ်သည့် ကလေးမလေးကို ထုံးသိသည်။ တိုင်းစစ်ကို ဘာတွေ့ခွဲနေသည်မသိ ခေါင်းလေးပုတ်ကာ ကြည်နူးနေလိုက်ကြတာ။

ထုံးပြုံးနေရာမှ နာကျင်ခြင်းကို တစ်ဆက်တည်း ခံစားလိုက်ရသည်။ ကျွန်မ ချစ်ရသူလေး တစ်ပါးသူနဲ့ ပျော်နေတာကိုကြည့်ပြီး ကျွန်မ ပျော်နေရ

လောက်အောင်ထိ ခံနိုင်ရည်အား မကောင်းနိုင်။

"ဟဲလို ဒီည နောက်မကျဖို့ လှမ်းပြောတာ "

"..... ..... "

တစ်ဖက်မှ တိုင်းစစ်၏ တင်းမာလွန်းလှသည့် အသံကြောင့် ဖုန်းအား နားအနားမှ အနည်းငယ်ခွာ၍ နားထောင်လိုက်ရသည်။

"အင်း ကိုတိုင်းစစ် ပြန်လာတဲ့ထိ စောင့်ပါ့မယ် ခပ်စောစော ပြန်လာခဲ့ပေးပါ "

" .... "

ရေရေရာရာ စကားကိုမပြောဘဲ အတင်းဖုန်ကို ချပစ်သွားသည်။ ထုံးဖုန်းလေးချကာ တစ်ခန်းလုံး ပူဖောင်းများနှင့် အလှဆင်ရင်း ခုတင်ခြေရင်း၌ ဝိုင်ပုလင်း ခြံရံ၍ ကိတ်လေးနေရာချ ထားလိုက်သည်။ တစ်ခန်းလုံး အမှောင်ချကာ ခုတင်ထက်ထိုင်၍ တိုင်းစစ်ကို စောင့်ဆိုင်း နေလိုက်သည်။ ဒီညလေးက ၃နှစ်ပြည့် နှစ်ပတ်လည်လေး မဟုတ်လား။

ပထမဆုံး ကျွန်မရဲ့ လက်ရာ ခရင်မ်ကိတ်လေးကို တိုင်းစစ် သဘောကျမယ်လို့ မျှော်လင့်ရင်း ပြုံးနေမိတော့သည်။ ရင်တွေလည်း ခုန်လို့ပေါ့။ လောကကြီးရယ် ကျွန်မဘက်လှည့်လို့ ကံသာပေးပါတော့လား။

***